# Myanmar Technologies And Investment Corporation Limited (MTI)

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

## အစည်းအဝေးမှတ်တမ်း

### အခမ်းအနားအစီအစဉ်

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအခမ်းအနားဖွင့်လှစ်ကြောင်း ကြေငြာခြင်း။

၂။ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ အဖွင့်အမှာစကားပြောကြားခြင်း။

၃။ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်စိုးသာမှ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအားတင်ပြခြင်း။

၄။ ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းဦးမှ နှစ်ချုပ်စာရင်းများကိုဖော်ပြ အတည်ပြုခြင်း။

၅။ "Win Thin & Associates" စာရင်းစစ်အဖွဲ့မှ စာရင်းစစ်အစီရင်ခံစာကိုဖတ်ကြားအတည်ပြုခြင်း။

၆။ အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း။

၇။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နှုတ်ထွက်ခြင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအသစ်များရွေးချယ်ခန့်ထားခြင်းအား မဲစနစ်ဖြင့်ရွေးချယ်အတည်ပြုခြင်း။

၈။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးမှ အမှာစကားပြောကြားခြင်း။

၉။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း။

၁၀။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးပြီးဆုံးကြောင်း ကြေငြာခြင်း။

မြန်မာနည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းလီမိတက်၏ တတိယအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပခဲ့ပါသည်။

နေ့ရက် ။ ။ ၂၀၁၆ ခုနှစ် ဩဂုတ်လ (၁၈) ရက် (စနေနေ့)

အချိန် ။ ။ နေ့လယ် (၁း၀၀) နာရီ မှ ညနေ (၄း၀၀) ထိ

နေရာ ။ ။ Novotel Yangon Max, Yangon

အစည်းအဝေးသို့ ပူးတွဲပါပုဂ္ဂိုလ်များတက်ရောက်ကြပါသည်။ အစည်းအဝေးတွင်သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်ယုယုခိုင်မှ ဆောင်ရွက်ပါသည်။

အစီအစဉ် (၁) အရ - အခမ်းအနားမှူးဒေါ်ယုယုခိုင်မှ အခမ်းအနားအစီအစဉ်များကို ဦးစွာဖတ်ကြားပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အခမ်းအနားစတင်ဖွင့်လှစ်ကြောင်း ကြေညာပါသည်။

အစီအစဉ် (၂) အရ - ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်မှ အဖွင့်အမှာစကား ပြောကြားရာတွင်၊

"ယနေ့ ကြွရောက်လာကြတဲ့ MTI Corporation အများပိုင်ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်လူကြီးမင်းများ၊ "Win Thin & Associate" မှ ဆရာကြီး ဦးဝင်းသင်နှင့် စာရင်းစစ်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်များ MTI Corporation ရဲ့ နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပခဲ့သည်မှာ ယခုအကြိမ်ဆိုရင် တတိယအကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါတယ်။

ယခု ၂၀၁၆ ခုနှစ်ဟာဆိုရင် အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍပေါင်းစုံမှာ အပြောင်းအလဲများနဲ့ တိုင်းပြည်တိုးတက်ရေးကို အားသွန်ခွန်စိုက် လုပ်ကိုင်ရမဲ့ နှစ်တစ်နှစ်ပဲဖြစ်ပါတယ်။ မိမိတို့ MTI Corporation ဟာဆိုရင် ICT ကဏ္ဍမှာဦးဆောင်လုပ်ကိုင်နေကြတဲ့ ကုမ္ပဏီများနဲ့ ဖွဲ့စည်းထားတဲ့အများပိုင်ကုမ္ပဏီတစ်ခုဖြစ်တာကြောင့် ယခုအခွင့်အလမ်းကို အမိအရ ဆုပ်ကိုင်ရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့စတင်တည်ထောင်ခဲ့စဉ်က ချမှတ်ထားခဲ့တဲ့ Vision များကိုအရောက်လှမ်းနိုင်ဖို့ သတ်မှတ်ထားတဲ့ Mission များ အတိုင်းဆက်လက်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

မိမိတို့ MTI အနေနဲ့ စတင်ရင်းနှီးမြှုပ်နှံခဲ့တဲ့ MTSH (သီလဝါ SEZ) ဟာဆိုရင် နိုင်ငံတော် Project ကြီးတစ်ခုဖြစ်ပြီး၊ ယခု Zone A မှာ အကောင်အထည်ဖော်ပြီးပြီ ဖြစ်ပြီး၊ Zone B အား ၂၀၁၆၊ ဒီဇင်ဘာတွင်အကောင်အထည်ဖော်တော့မှာဖြစ်ပါတယ်။ အားလုံးသိရှိပြီး ဖြစ်တဲ့အတိုင်း MTSH ဟာ Yangon Stock Exchange (YSX) တွင် ၂၀၁၆ ခုနှစ် မေလမှစတင်ပြီး Listed ပြုလုပ်နိုင်ခဲ့ပြီး၊ ရှယ်ယာများကို လွတ်လပ်စွာ၊ ယုံကြည်စိတ်ချစွာ အရောင်းအဝယ်ပြုလုပ်နိုင်ပြီ ဖြစ်ပါသည်။ မိမိတို့ အနေဖြင့် ကနဦးဝယ်ယူခဲ့သည့် အစုရှယ်ယာတစ်စုရဲ့ တန်ဖိုးဟာ ၁၀,၀၀၀/- ကျပ်(တစ်သောင်းကျပ်) ဖြစ်ပြီး၊ ယခုအခါ YSX တွင် ၄၅,၀၀၀/- နှင့် ၅၀,၀၀၀/- အကြားရှိနေပြီဖြစ်ပါတယ်။ YSX တွင်စတင်ရောင်းချခဲ့သည့် အချိန်မှာ ယခုထက်မက ဈေးတက်မည်ဟု မျှော်မှန်းခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မျှော်လင့်သလိုဖြစ်မလာခဲ့ပေမယ့် မကြာမီမှာ Zone B အား အကောင် အထည်ဖော်တော့ မှာဖြစ်သည့်အတွက် ယခုထက်ဈေးပိုတက်လာမယ်လို့မျှော်လင့်ရမှာပဲဖြစ်ပါတယ်။

ဒါက ရှယ်ယာတစ်စုရဲ့ ပေါက်ဈေးအနေနဲ့ ပြောတာဖြစ်ပြီး Dividend ရရှိမှုအနေနဲ့ ပြောရ မယ်ဆိုရင်တော့ မိမိတို့ MTI သည် MTSH မှာ ၅% ထည့်ဝင်ထားတာဖြစ်ပြီး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အစုရှယ်ယာ တစ်စုအပေါ်တွင် ၂၀% အမြတ်ဝေစု ရရှိခဲ့ပါတယ်။ သိန်းပေါင်း (၃,၉၀၀) ရရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ခုနှစ်မှာတော့ ၂၅% ရမယ်လို့ သိရှိရတဲ့အတွက် သိန်းပေါင်း (၄,၇၀၀) ကျော်ရရှိမှာဖြစ်ပါတယ်။ ၂ နှစ် စာ Dividend အနေနဲ့ ၄၅% ရရှိပြီးဖြစ်လို့ မိမိတို့ ရင်းနှီးမြှုပ်နှံခဲ့တဲ့ တစ်ဝက်နီးပါး ပြန်ရတာ ဖြစ်တယ်လို့ ပြောရမှာပဲဖြစ်ပါတယ်။

ယခုကျင်းပတဲ့ တတိယအကြိမ် AGM စာရင်းချုပ်တဲ့ ၂၀၁၆၊ မတ်လ စာရင်းဇယားများအရ အမြတ်ငွေ စတင်ရရှိပြီလို့ပြောရမှာဖြစ်ပါတယ်။ MTI စတင်တည်ထောင်ခဲ့စဉ်ကတည်းက ရည်မှန်းထားခဲ့တဲ့ Telecom

Operator လုပ်ငန်းဖြစ်တဲ့ 4th Operator လုပ်ငန်းရပ်ကို နိုင်ငံတကာကုမ္ပဏီနှင့် ဖက်စပ်လုပ်ကိုင်မဲ့ MNTH ကုမ္ပဏီမှာလည်း ပါဝင်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါတယ်။

မိမိတို့ MTI အနေဖြင့် ၂၀၁၅ ခုနှစ်တွင် Rights Issue တစ်ကြိမ်ခေါ်ယူခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအချိန်တွင် မိမိတို့ပိုင်ဆိုင်သည့် အစုရှယ်ယာပမာဏ၏ ၂ ဆ ဝယ်ယူခွင့်ပြုပြီး အစုရှယ်ယာတစ်စုကို ကနဦးတည်ထောင်စဉ်ကအတိုင်း ၁၀,၀၀၀/- ကျပ်ဖြင့် ရောင်းချခဲ့တာပဲဖြစ်ပါတယ်။ ယခုဆိုလျှင် "Win Thin & Associate" မှ တွက်ချက်မှုအရ မိမိတို့ MTI Corporation သည် မူလ ၁၀,၀၀၀/- ကျပ်တန် အစုရှယ်ယာတစ်စုဟာဆိုရင် ၃၅,၀၀၀/- ကျပ်အထိ တန်ဘိုးမြင့်တက်နေကြောင်းတွေ့ရှိရပါတယ်။ ဒါဟာ လက်ရှိလုပ်ကိုင်နေတဲ့လုပ်ငန်းများအပေါ်မှာ သာမကဘဲ ရှေ့လုပ်ငန်းအလားလာများကိုပါ ထည့်သွင်းတွက်ချက်ထားတာ ဖြစ်ပါတယ်။

4th Operator (MNTH) တွင် ထည့်ဝင်ရမည့်ငွေပမာဏ ကတော့ ယခု ၂၀၁၆ ခုနှစ်အတွင်းမှာ (4.2 million USD) ဖြစ်ပြီး၊ ပထမအရစ်အနေနဲ့ စက်တင်ဘာလကုန်မှာ (2.1 million USD) ထည့်ဝင်ရမှာပဲဖြစ်ပါတယ်။ ဒါကြောင့်မိမိတို့ MTI ပိုင်ဆိုင်တဲ့ MTSH ရှယ်ယာပမာဏထဲမှ တစ်ချို့အား ရောင်းခြင်း/ဝယ်ခြင်းများအား ဆောင်ရွက်သွားရန် ကျွန်တော်များ BOD အဖွဲ့မှ ဆုံးဖြတ်ထားခဲ့ပြီးဖြစ်ပါတယ်။ မိမိတို့ မျှော်မှန်းထားသည့် ပမာဏအထိ ၂၀၁၆ ခုနှစ်အတွင်းဆောင်ရွက်နိုင်ရန်လည်း ကြိုးစားလျက်ရှိနေပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ အစုရှယ်ယာရှင်များအားလုံးအား Dividend ပေးနိုင်မှာဖြစ်ပါတယ်။ 4th Operator လုပ်ငန်းတွင် MTI အနေဖြင့် ပါဝင်ခွင့်ရရှိခြင်းဖြင့် Telecom Operator နှင့်ဆက်စပ်လျှက်ရှိသည့် အခြားသောလုပ်ငန်းရပ်များကိုလည်း ချောမွေ့စွာ လုပ်ဆောင်နိုင်ဖို့ MTI မှ NS & NFS License များလည်းရရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ MTI ကုမ္ပဏီရဲ့ ရှယ်ယာရှင်အားလုံးနီးပါးဟာ နည်းပညာကုမ္ပဏီများ ဖြစ်တာကြောင့် ၎င်းနဲ့ပတ်သတ်တဲ့ လုပ်ငန်းများအား MTI ၏ ကိုယ်စားပြု ဝင်ရောက် လုပ်ကိုင်နိုင်ဖို့ အလားလာကောင်းများလည်း ပေါ်ထွက်လာမှာဖြစ်ပါတယ်။

ဒုတိယ ရင်းနှီးမြှုပ်နှံထားခဲ့တဲ့ MPSS ကုမ္ပဏီရဲ့ AGM ကို ၅-၀၈-၂၀၁၆ မှာကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ မိမိတို့ MTI ဟာ MPSS မှာ ၄၅% အစုရှယ်ယာပိုင်ဆိုင်ထားတာဖြစ်လို့ Major Shareholder လို့ပြောရမှာဖြစ်ပါတယ်။ စာရင်းဇယားများအရ အမြတ်မရရှိသေးပေမဲ့ Mobile Payment လုပ်ငန်းများကို နည်းပညာမြင့်မားပြီး စားရိတ်အသက်သာဆုံးဝန်ဆောင်မှုပေးနိုင်တဲ့ Team အားပိုင်ဆိုင်ထားတာဖြစ်လို့ အခြားသော ဘဏ်များနဲ့ ချိတ်ဆက်လုပ်နိုင်ရန်နှင့် 4th Operator ပေါ်ပေါက်လာတဲ့အခါမှာ Top up နှင့် အခြားသက်ဆိုင်သော ဝန်ဆောင်မှုများပေးနိုင်ရန်လည်း ကြိုးစားအားထုတ်သွားမှာဖြစ်ပါတယ်။

အနာဂတ်စီမံကိန်းများအနေဖြင့် Online Service Center (OSC) လုပ်ငန်းနဲ့ IT City လုပ်ငန်းရပ်များအား လုပ်ကိုင်ရန်ကြိုးစားဆောင်ရွက်လျှက်ရှိပါတယ်။ ရှေ့လုပ်ငန်း အလားအလာကောင်းများ ရှိနေတာကိုတွေ့နေရပေမဲ့လည်း မိမိတို့ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ ငွေပမာဏအတိုင်းအတာဟာ ကန့်သတ်ချက်ဘောင်ထဲက လုပ်နေရတာ ဖြစ်လို့ အခက်အခဲတွေကြုံခဲ့ရတာတွေလည်းရှိခဲ့ပါတယ်။ ဒါပေမဲ့လည်း ယခုအခါမှာ မိမိတို့အနေဖြင့် အတိုင်းအတာတစ်ခုအထိ အခက်အခဲများကို ကျော်လွှားဖြတ်သန်းခဲ့ပြီးလည်းဖြစ်ပါတယ်။ ရှေ့ဆက်လက်ပြီးတော့လည်း မိမိတို့ BOD အဖွဲ့ရဲ့ ကြိုးပမ်းဆောင်ရွက်မှု၊ အစုရှယ်ယာရှင်များ၏ ပံ့ပိုးကူညီမှုများဖြင့် ဆက်လက်တိုးတက်အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားပါမည်ဟု BOD အဖွဲ့ကိုယ်စား ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ မိမိတို့ MTI Corporation ဟာ အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်တာကြောင့် တစ်နေ့တစ်ချိန်မှာ Yangon Stock Exchange (YSX) မှာ စာရင်းဝင်နိုင်ဖို့ ကြိုးစားရမှာပဲဖြစ်ပါတယ်။ ယခုလည်း BOD အဖွဲ့မှ Securities Company တစ်ချို့နဲ့ တွေ့ဆုံဆွေးနွေးမှု များပြုလုပ်လျှက်ရှိနေပြီဖြစ်ပြီး လိုအပ်ချက်များပြည့်မီဖို့လည်း ကြိုးစားရမှာဖြစ်ပါတယ်။ လိုအပ်ချက်တွေထဲက တစ်ခုဆိုရင် အနည်းဆုံးအစုရှယ်ယာရှင် ၁၀၀ နဲ့ ဖွဲ့စည်းထားတဲ့ အများပိုင်ကုမ္ပဏီဖြစ်ရမှာ ဖြစ်ပါတယ်။ ဒီလို လိုအပ်ချက်တွေပြည့်မီဖို့ကိုလည်း BOD အဖွဲ့မှ မည်သို့ မည်ပုံဆောင်ရွက်ရမည်ကို ဆွေးနွေးလျှက်ရှိပြီး အစုရှယ်ယာရှင်များမှ အကြံဉာဏ်ကောင်းများပေးလိုပါက အမြဲ ကြိုဆိုလျှက် ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်၊ ကျေးဇူးတင်ပါတယ်။" ဟုပြောကြားခဲ့ပါသည်။

**အစီအစဉ် (၃) အရ** - ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်စိုးသာမှ ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား Projector ဖြင့်ရှင်းလင်းတင်ပြရာတွင် -

"အားလုံးပဲ မင်္ဂလာနေ့လယ်ခင်းပါ။ ကြွရောက်လာကြတဲ့ MTI Corporation ၏ အစုရှယ်ယာရှင်များ၊ BOD အဖွဲ့ဝင်များနှင့်တကွ "Win Thin & Associate" မှ တာဝန်ရှိလူကြီးမင်းများ၊ MTI Corporation မှ ဝန်ထမ်းများ၊ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်အနေနဲ့ကတော့ BOD အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သလို MTI ကုမ္ပဏီမှာ နေ့စဉ်လုပ်ငန်းဆောင်တာများကို ဦးစီးဆောင်ရွက်နေတဲ့ CEO အဖြစ်တာဝန်ယူထားသူတစ်ယောက်အနေဖြင့်၊ တင်ဆက်သွားမှာဖြစ်ပါတယ်။" စသည်ဖြင့်အစချီပြီး ကျွန်တော်တို့ ကုမ္ပဏီဟာ ၂၀၁၅-၂၀၁၆ ခုနှစ်ဆိုရင် ၃ နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း၊ ပထမ ကနဦးတည်ထောင်စဉ်ကာလမှာ အရွေးခံခဲ့ရတဲ့ BOD အဖွဲ့ဝင်များရဲ့ ကတိကဝတ်တွေလည်း ရှိခဲ့ပါကြောင်း၊ ဆောင်ရွက်ချက်တွေလည်းရှိခဲ့ပါကြောင်း၊ လုပ်နိုင်ခဲ့တာတွေရှိသလို၊ မလုပ်နိုင်ဘဲ ဆက်လက်လျှောက်လှမ်းနေတာတွေလည်း ရှိပါကြောင်း၊ ဒီအပေါ်မှာ ကျွန်တော်အနေနဲ့ ၃ နှစ်တာကာလ ဖြတ်သန်းနေတဲ့အရာများရော၊ ရှေ့ဆက်မဲ့အရာတွေကိုပါ ဆက်လက်ပြီးတင်ပြပေးသွားမှာဖြစ်ကြောင်းပြောကြားပြီး Projector ဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ပထမဦးစွာ ၃ နှစ်ကာလအတွင်း လက်ရှိရင်းနှီးမြှုပ်နှံထားတဲ့ အဓိကကျစွာပါဝင်ခဲ့သော Project ကြီး ၄ ခုနှင့် Project ငယ်များအားပြောကြားရမယ်ဆိုရင်၊ မိမိတို့ MTI စတင်တည်ထောင်စဉ်ကာလမှာ ရည်ရွယ်ချက် ၂ ခု ၃ ခုရှိခဲ့ကြောင်း၊ အဓိက ကတော့ IT Industry ထဲမှာ နေရာတစ်ခုရပ်တည်ရေး၊ အော်ပရေတာဖြစ်ရေး၊ IT City လို ကိုယ်ပိုင်နေရာမျိုးထူထောင်နိုင်ရေး ဆိုတဲ့ ရည်ရွယ်ချက်တွေဖြစ်ကြောင်း၊ ပထမဆုံး အခွင့်အလမ်း အနေနဲ့ ရရှိခဲ့သည်မှာ သီလဝါ SEZ ဖြစ်ကြောင်း၊ ဒီနေရာမှာ မိမိတို့ (၈၇) ဦးသော အစုရှယ်ယာရှင်တွေရဲ့ ထည့်ဝင်ထားတဲ့ Very Limited Equity Capital နဲ့ မပြည့်တပြည့်လေးအခြေအနေနဲ့ စတင်ပါဝင်ခဲ့တာဖြစ်ကြောင်း၊ ၃ နှစ်တာကာလ ဒီနေ့အချိန်အထိမှာ တော်တော်လေး ရုန်းကန်ခဲ့ရကြောင်း၊ မိမိတို့ ကုမ္ပဏီနဲ့ ရင်းနှီးဖော်တွေဖြစ်တဲ့ အခြား (၈) ဦးဟာ အင်မတန်အင်အားကြီးတဲ့သူများဖြစ်ကြောင်း၊ မိမိ MTI မှာစတင်တည်ထောင်ချိန်တွင် ငွေကြေးအင်အား၊ Knowledge, Experience များ မပြည့်စုံသေးကြောင်း၊ သို့သော်လည်းပဲ ကျွန်တော်တို့အနေနဲ့ အခြား (၈) ဦးနဲ့အတူ တစ်ခုအနေနဲ့ပါဝင်ပြီး ဝင်ရောက်ဆွေးနွေးရုန်းကန်ခဲ့ကြတာဖြစ်ကြောင်း၊ မိမိတို့မှာ Main Founding Share နှင့် Director အဖြစ်ပါဝင်နိုင်ခဲ့ပြီး၊ သီလဝါအနေနဲ့လည်း ယခုနှစ်နဲ့ပါဆို Dividend ပေးနိုင်တာ (၂) နှစ်ရှိခဲ့ ပြီဖြစ်ကြောင်းနှင့် သီလဝါတွင် ပါဝင်ခဲ့ပုံများအား Projector Slide ဖြင့်ရှင်းလင်းပြခဲ့ပါသည်။

မြန်မာတွေပိုင်တဲ့ MTSH မှာကုမ္ပဏီ (၉) ခုသည် (၄၅%) ပိုင်ဆိုင်ခြင်းဖြစ်ပြီး၊ ကုမ္ပဏီတစ်ခုစီအနေနဲ့ (၅%) ပိုင်ဆိုင်ခြင်းဖြစ်ကြောင်း၊ ဒါကြောင့်လည်း ပထမ (၂)နှစ်တွင် မိမိတို့ရဲ့ အဓိကဝင်ငွေမှာ သီလဝါ SEZ မှ ရရှိသောဝင်ငွေပေါ်မှာပဲ ရပ်တည်ခဲ့တာဖြစ်ကြောင်း၊ သီလဝါစီမံကိန်းဆိုတဲ့ Project ကြီးတစ်ခုလုံးမှာတော့ မြန်မာနဲ့ဂျပန်အစိုးရတို့ရဲ့ ပူးပေါင်းပါဝင်မှုနဲ့ မြန်မာလုပ်ငန်းရှင်များ၊ ဂျပန်လုပ်ငန်းရှင်များက ပူးပေါင်းပြီး Joint Venture ကုမ္ပဏီတစ်ခုကိုတည်ထောင်ထားပြီး အဓိကအနေဖြင့် Run နေတာပဲဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ Founding Shareholder, Founding Director အနေနဲ့ တစ်ဦးပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနောက် သီလဝါ SEZ ရဲ့ Zone A ၏နောက်ဆုံးလုပ်ငန်းတိုးတက်မှုအခြေအနေများအား Projector Slide များဖြင့် ရှင်းလင်းပြီး၊ နောက်ထပ် နှစ် ၂၀ လောက်အထိ သီလဝါ SEZ ၏ အလားအလာမှာ များစွာကောင်းမွန်ကြောင်း၊ ဒါကြောင့် မိမိတို့ MTI အနေနဲ့ သီလဝါမှာရင်းနှီးမြှုပ်နှံထားမှုဟာ အလားအလာကောင်းများရှိကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

သီလဝါ Project အား Focus လုပ်ပြီးပြောနေရတာကတော့ ကျွန်တော်တို့၏ ပထမဆုံး Project ဖြစ်တာကြောင့်တစ်ကြောင်း၊ မြန်မာပြည်အနေနဲ့ အခြားသောစက်မှုဇုန်များနဲ့ မတူတဲ့ SEZ ဖြစ်တာကြောင့် တစ်ကြောင်း၊ Founding Member အနေဖြင့်ပါဝင်ခွင့်ရခဲ့လို့ သီလဝါသည် ကျွန်တော်တို့အနေဖြင့် Icon တစ်ခုဖြစ်ခဲ့တယ်ဆိုတာကို ပြောပြခြင်းဖြစ်ကြောင်း၊ ဘယ်လောက်အထိအသေးစိတ်ပါဝင်ခဲ့ရသလဲဆိုရင်၊ စတင်လုပ်ဆောင်ချိန်မှာ သီလဝါ Zone ကြီးတစ်ခုလုံးမှာ သစ်ပင်ပေါင်း (၁,၀၀၀) ကျော်ပဲရှိရာကနေ ယခုအခါ (၆,၅၃၉)ပင်အထိ ရှိခဲ့ပြီဖြစ်ကြောင်း၊ ဒီလိုအတိအကျ Count လုပ်နိုင်တဲ့ Practice ကောင်းများလည်း ရရှိခဲ့ကြောင်း၊ ကျွန်တော်တို့မြန်မာတွေ အလုပ်လုပ်တာနဲ့မတူတဲ့ အတွေ့အကြုံကောင်းများလည်းရရှိခဲ့ပါကြောင်းပြောကြားသွားခဲ့ပါသည်။

၎င်းနောက် Residential Area ဖြစ်သည့် နေရာအားဂျပန်မှ မြန်မာအား နှစ်(၅၀)စာ ပြန်ငှားပြီး မိမိတို့ မြန်မာကုမ္ပဏီ (၉)ခုရဲ့ ကိုယ်ပိုင် Project အနေနဲ့အကောင်အထည်ဖော်မှာဖြစ်ပြီး၊ ဒီအထဲမှာ ဘဏ်များ၊ ရဲစခန်း၊ လုံးချင်းအိမ်ယာ၊ ဟိုတယ်၊ Service Apartment များ၊ Shop House များ၊ အများအပြားပါဝင်မှာဖြစ်ကြောင်း၊ မိမိတို့ MTI အနေဖြင့် ၎င်း Project များမှာ IT နဲ့ပတ်သတ်တဲ့လုပ်ငန်းများမှာ Exclusive လုပ်နိုင်ဖို့ ဆွေးနွေးလျက်ရှိကြောင်း၊ ယနေ့တက်ရောက်လာကြသောလူကြီးမင်းများသည်လည်း IT Industry မှ ပုဂ္ဂိုလ်များဖြစ်တာကြောင့် စိတ်ဝင်စားကြလိမ့်မယ်လို့မျှော်လင့်ရပါကြောင်း၊ Infra လုပ်ငန်းတွေဖြစ်တဲ့ Telephone Line, Internet, ဘဏ်နဲ့ပတ်သက်တဲ့ Software များ စသည့်လုပ်ငန်းများတွင် MTI အနေနဲ့ပူးပေါင်းလုပ်ကိုင်ဖို့ အားလုံးကို ဖိတ်ခေါ်ပါကြောင်း စသဖြင့်ပြောကြားခဲ့ပါသည်။

ဒုတိယ Project အနေဖြင့် MTI စတင်ဖွဲ့စည်းတဲ့အချိန်ကာလက မိမိတို့ရည်မှန်းချက်ဖြစ်သည့် Operator လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ပြီးခဲ့တဲ့အစိုးရဟောင်းလက်ထက် Ooredoo, Telenor တို့မပေါ်ပေါက်ခင်အချိန်တွင် Telecom Operator များခေါ်တဲ့အချိန်ကတည်းက မိမိ MTI သည် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ သို့သော်လည်း အရွေးချယ်မခံခဲ့ရကြောင်း၊ ယခုပေါ်ပေါက်လာသည့် 4th Operator တွင် မိမိတို့အနေဖြင့် ပါဝင်ရန်အခွင့်အရေးရရှိခဲ့ကြောင်း၊ သီလဝါ SEZ ကဲ့သို့ပင် မြန်မာဘဏ်ခြမ်းက MNTH ဆိုသည့် အများပိုင်ကုမ္ပဏီတစ်ခု

ပေါ်ပေါက်လာကြောင်း၊ ၄င်းကုမ္ပဏီမှာလည်း အများပိုင်ကုမ္ပဏီ (၁၁)ခု ပါဝင်ပြီး၊ မိမိတို့ MTI မှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အကြမ်းဖျင်းအားဖြင့် 4th Operator တွင်ခြေရာတစ်ခုချနိုင်ခဲ့ပြီဟုပြောရမည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် မိမိတို့ MTI မှ Project Director အဖြစ် စေလွှတ်ထားသူတစ်ဦးဖြစ်သည့် ဦးဇော်မင်းဦးမှ ဦးဆောင်ပြီး နိုင်ငံခြား ကုမ္ပဏီဖြစ်သည့် Viettel နှင့် JV ကုမ္ပဏီဖွဲ့စည်းရေးကိုဆွေးနွေးလျက်ရှိကြောင်း၊ ပြီးစီးလုလမ်းကြောင်းပေါ်တွင်ရောက်နေပြီဖြစ်ကြောင်း၊ စသည်တို့အား Projector Slide များဖြင့် ရှင်းလင်းပြောကြား ခဲ့ပါသည်။

4th Operator နဲ့ပတ်သက်ပြီး ကျွန်တော်တို့ IT သမားများ အများကြီးမျှော်လင့်နေသော အလုပ်အကိုင်အခွင့်အလမ်းများအတွက်လည်းဆွေးနွေးလျက်ရှိပါကြောင်း၊ MTI အနေဖြင့်စပြီး Invest လုပ်ရန် သဘောတူထားပြီးဖြစ်ကြောင်း၊ Investment လုပ်ပြီးလျှင် 4th Operator နှင့် သက်ဆိုင်သည့် Local နဲ့ပတ်သက်သော Service များအား လုပ်ကိုင်ခွင့်၊ ပစ္စည်းများရောင်းချခွင့်၊ Payment ကိစ္စများ၊ Hardware များစသည့် လုပ်ငန်းများ လုပ်ကိုင်နိုင်မှာဖြစ်ကြောင်း၊ 4th Operator လုပ်ငန်းအောက်တွင် MTI မှ infrastructure ကုမ္ပဏီတစ်ခု ဆက်လက်တည်ထောင်ရန်ကြိုးပမ်းလျက်ရှိရာ (၈၀%) လောက်သေချာနေပြီဖြစ်ကြောင်းတို့အား ရှင်းလင်းပြောကြားခဲ့ပါသည်။

ထပ်မံ၍ မိမိတို့လုပ်ကိုင်နေသော နောက်ထပ်လုပ်ငန်းများထဲမှ တစ်ခုမှာ MPSS ဖြစ်ကြောင်း၊ Mobile Payment လုပ်ငန်းအနေဖြင့်အစောပိုင်းမှာ ဘဏ်တစ်ခုနှင့် ပူးပေါင်းပြီးလုပ်ဆောင်ခဲ့ကြောင်း၊ ယခုနှစ်မှာတော့ Strategy အနည်းငယ်ပြောင်းပြီးဆောင်ရွက်လျက်ရှိပြီး၊ ဒီလုပ်ငန်းရပ်အား ဦးထွန်းထွန်းနိုင်၊ ဦးအောင်အောင် တို့မှ ဦးဆောင်ပြီးလုပ်ကိုင်လျက်ရှိကြောင်း၊ Payment Solution များအနေနဲ့ နောက်ပိုင်းဆိုရင် 4th Operator နဲ့ ဆက်စပ်ပြီးလုပ်ကိုင်နိုင်ဖို့ကိုလည်း ပြင်ဆင်ထားပါကြောင်း ပြောကြားသွားခဲ့ပါသည်။ IT City Project မှာလည်း MCF ၏ ဦးဆောင်မှုအောက်တွင် IT လောကသားများအတွက် City တစ်ခုလုပ်ရန်လွန်ခဲ့သောနှစ်များ ကတည်းက ကြိုးစားခဲ့ကြတာဖြစ်ကြောင်း၊ မိမိတို့ MTI အနေဖြင့် ကနဦးအစုရှယ်ယာဝင်ဖြစ်အောင် ယခုအခါ အတော်အတန်ညှိနှိုင်းပြီးသည့်အဆင့်သို့ရောက်နေပြီဖြစ်ကြောင်း၊ ရှေ့လျှောက်ထူးခြားသော Strategy များဖြင့် နောင်လာမည့်နှစ်များတွင် တင်ပြသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း စသဖြင့်ပြောကြားသွားခဲ့ပါသည်။

ဆက်လက်၍ အခြားခြားသော MTI တွင်လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအကြောင်း ပြောကြားရာတွင် 663 ဖုန်းပိုက်ဆံ၏ Super Agent လုပ်ငန်း၊ NS and NFS(Class) License ရရှိထားတာဖြစ်လို့ လုပ်ကိုင်နိုင်မည့် လုပ်ငန်းများနှင့် MTI ၏ အစုရှယ်ယာရှင်များ၊ သို့မဟုတ် နီးစပ်တဲ့ IT လောကမှလုပ်ငန်းရှင်များ အနေဖြင့် မိမိတို့နှင့်ပူးပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖိတ်ခေါ်ပါကြောင်း၊ မိမိတို့ MTI သည် ယခုအခါ (၃)နှစ်သားသာ ရှိသေးတာဖြစ်ပြီး စတင်ဖွဲ့စည်းစဉ်မှာလဲ Very Limited Capital နဲ့စတင်ခဲ့တာဖြစ်လို့ အင်မတန်ရုန်းကန်ခဲ့ရကြောင်း၊ ယခုနှစ် AGM မှာတော့ မိမိတို့ကောင်းစွာပြောနိုင်သည်မှာ အောင်မြင်စွာလုပ်ကိုင်နိုင်ပြီး၊ အမြတ်အစွန်းများရရှိနေပြီဖြစ်ကြောင်းနှင့် အခြားသော MTI မှ လုပ်ဆောင်ခဲ့သော တစ်နှစ်တာ လုပ်ဆောင်ချက်အချို့အား Projector Slide များဖြင့်ရှင်းပြခဲ့ပါသည်။ ယခုလောလောဆယ်တွင် Securities Company များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း၊ မိမိတို့ကုမ္ပဏီသည် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့်အတွက် YSX တွင် Listed လုပ်နိုင်ရန်ကြိုးစားလျက်ရှိပါကြောင်း၊ လိုအပ်ချက်များလည်း ရှိနေသေးပြီး၊ ဥပမာအားဖြင့် အချိန်ပြည့်တာဝန်ထမ်း

ဆောင်မည့် CEO၊ CFO၊ Project Director စသည်တို့ ခန့်အပ်ရန်လိုအပ်ကြောင်း၊ ယခင်နှစ်များတွင် မိမိတို့ BOD များကိုယ်တိုင် CEO၊ CFO လုပ်ခဲ့ပေမယ့် ကုမ္ပဏီအပေါ် Charge မလုပ်ခဲ့နိုင်ကြောင်း၊ ရှေ့နှစ်များမှာတော့ ကောင်းမွန်တဲ့ Good Governance ဆီသို့သွားနိုင်မည့် Professional Executive အဆင့်လုပ်ကိုင်နိုင်မည့်သူများနဲ့ ပြောင်းလဲပြီး ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ကြောင်း၊ ၂၀၁၇ မကုန်ခင်မှာ Listed လုပ်နိုင်မည့်အခြေအနေသို့ ရောက်ရှိမည်ဟု မျှော်လင့်ပါကြောင်း၊ ထူးခြားချက်အနေနဲ့ ပြီးခဲ့တဲ့ အစိုးရဟောင်းလက်ထက်က စခဲ့သော e-Yangon Project သည် ယခုအစိုးရသစ်လက်ထက်တွင် Online Service Center (OSC) အနေဖြင့် လုပ်ဆောင်နိုင်ရန်အတွက် MTI မှ ဆက်လက်လုပ်ဆောင်ရန် ဆိုသည့် တာဝန်လည်းရရှိခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအပြင် 4th Operator လုပ်ငန်းအောက်တွင် Infrastructure ကုမ္ပဏီတစ်ခုတည်ထောင်ရန်လည်း မျှော်မှန်းထားပါကြောင်း၊ စသည်ဖြင့်ပြောကြားခဲ့ပြီး၊ ရှေ့လုပ်ငန်းစဉ်များအနေဖြင့် Listed ကုမ္ပဏီတစ်ခုဖြစ်ရန်အတွက် မျှော်မှန်းထားကြောင်း၊ Infrastructure ကုမ္ပဏီတည်ထောင်ရာတွင် ပါဝင်နိုင်ရန်နှင့် IT နှင့် Telecommunication လုပ်ငန်းများတွင် Top Player အနေဖြင့် ဝင်ရောက်လုပ်ကိုင်နိုင်ရန် မျှော်လင့်ထားပါ ကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

အစီအစဉ် (၄) အရ - ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းဦးမှ နှစ်ချုပ်စာရင်းများကိုဖော်ပြအတည်ပြုရာတွင် -

"ယနေ့ကျင်းပတဲ့ MTI Corporation ရဲ့ နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ တက်ရောက်လာကြတဲ့ အစုရှယ်ယာရှင်လူကြီးမင်းများ၊ "Win Thin & Associate" မှ ဆရာကြီးဦးဝင်းသင်၊ ဦးမိုးကျော်နှင့် ဒေါ်နဝါတို့အားလုံး မင်္ဂလာနေ့လယ်ခင်းပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။" စသဖြင့်အစပြုပြီး ၂၀၁၅-၂၀၁၆ ခုနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းအား Project Slide များဖြင့်ဖတ်ကြားအတည်ပြုရာတွင် Non Current Assets, Current Assets, Cash နှင့် Bank များတွင်ရှိနေသည့် ငွေပမာဏများ၊ Equity and Liabilities Equity, Current Liabilities များတွင်ရှိသော ငွေပမာဏများအား ရှင်းလင်းပြောကြားခြင်း၊ ၂၀၁၆ ခုနှစ်၊ မတ်လ အကုန်တွင်ရှိသော Comprehensive Income Statement အား ဆက်လက်ဖတ်ကြားအတည်ပြုခြင်းများပြုလုပ်ခဲ့ပြီး၊ ဆက်လက်၍ အစုရှယ်ယာဝင်များ သိရှိနိုင်ရန် ၂၀၁၆ ခုနှစ်၊ ဧပြီ (၁)ရက်မှ ဇွန်လကုန်အထိ Financial Position အား Projector Slide များဖြင့် ရှင်းလင်းတင်ပြသွားခဲ့ပါသည်။

အခမ်းအနားမှူး ဒေါ်ယုယုခိုင်မှ ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းဦး ဖတ်ကြားသွားခဲ့သော နှစ်ချုပ်စာရင်းများကို တက်ရောက်လာကြသူ အစုရှယ်ယာရှင်များအား **"သဘောတူပါသလား"** ဟု သုံးကြိမ်တိတိ မေးမြန်းရာတွင် တက်ရောက်လာကြသူအစုရှယ်ယာရှင်များအားလုံးမှ **"သဘောတူပါသည်"** ဟု သုံးကြိမ်တိတိ ပြန်လည်ဖြေကြားသဖြင့် နှစ်ချုပ်စာရင်းများကို အတည်ပြုကြောင်း ကြေညာပါသည်။

အစီအစဉ် (၅) အရ - "Win Thin & Associates" စာရင်းစစ်အဖွဲ့မှ စာရင်းစစ်အစီရင်ခံစာအား ဖတ်ကြားရာတွင် ဦးဝင်းဗလမင်းက တက်ရောက်လာကြသော အစုရှယ်ယာရှင်လူကြီးမင်းများအား ကြိုတင်ဖြန့်ဝေထားပြီးဖြစ်သည့် ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ပြင်ပစာရင်းစစ်အစီရင်ခံစာအား အများလွယ်ကူစွာနားလည်နိုင်စေရန် အတွက် မြန်မာဘာသာဖြင့် နှစ်ချုပ်စာရင်းများအား အသေးစိတ်ရှင်းလင်းဖတ်ကြားအတည်ပြုခဲ့ပါသည်။

အစီအစဉ် (၆) အရ - အစုရှယ်ယာရှင်များကကြိုတင်ပေးပို့ထားသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းအစီအစဉ်တွင်-

အခမ်းအနားမှူး ဒေါ်ယုယုနိုင်မှ "အစုရှယ်ယာရှင်များမှ မေးမြန်းထားသော မေးခွန်း (၂) ခုရှိပါကြောင်း၊ ပထမမေးခွန်းမှာ MTI အား တည်ထောင်ခဲ့သည်မှာ ၃ နှစ်ကျော် အချိန်ကာလသို့ရောက်ရှိ လာပြီဖြစ်ပါသည်။ ယခုအချိန်တွင် MTI မှရင်းနှီးမြှုပ်နှံထားခဲ့သော MTSH ၏ အစုရှယ်ယာများဟာလည်း နဂိုမူလထက် အမြတ်များရရှိနေပြီကိုကြားသိရပါတယ်။ သို့ပါ၍ MTI အနေဖြင့် အမြတ်ဝေစု ခွဲဝေပေးရန်အစီအစဉ် ရှိ/မရှိ သိလိုပါသည်။ ဒုတိယမေးခွန်းမှာ MTI အနေဖြင့် နောက်ထပ်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်ရှိပါက အစုရှယ်ယာရှင်များထံမှ Rights Issue ရှယ်ယာ ထပ်မံခေါ်ရန်အစီအစဉ် ရှိ/မရှိ သိလိုပါသည်။" ဟုဖြစ်ပါကြောင်း၊ ပြောကြားရာ MTI Corporation ၏ ဥက္ကဋ္ဌ ဦးထင်အောင်နိုင်မှ ဒါရိုက်တာအဖွဲ့ဝင်များအားလုံးရဲ့ကိုယ်စား မေးခွန်း များအားပြန်လည်ဖြေကြားရာတွင် ပထမမေးခွန်းအား ဖြေကြားရမည်ဆိုပါက၊ ရှေ့အစီအစဉ်တွင် Finance Director မှ Financial Statement အားဖတ်ကြားရှင်းလင်းသွားခဲ့ပြီးဖြစ်ကြောင်း၊ ရှေ့လာမည့် AGM ဆိုရင် အမြတ်ဝေစု ခွဲပေးရန်အစီအစဉ်ရှိပါကြောင်း၊ မိမိတို့ BOD များအနေဖြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ဆုံးဖြတ်၍ အစုရှယ်ယာရှင်များထံသို့ အကြောင်းကြားပေးမည်ဖြစ်ကြောင်း၊ ဖြေကြားခဲ့ပါသည်။

ဒုတိယမေးခွန်းအားပြန်လည်ဖြေကြားရာတွင် ရှေ့တွင်ပြောကြားသွားခဲ့သည့်အတိုင်း မိမိတို့အနေဖြင့် 4th Operator လုပ်ငန်းရပ်အတွက် ရင်းနှီးမြှုပ်နှံငွေ ထည့်ဝင်ရတော့မှာဖြစ်ကြောင်း၊ သို့ပါ၍ မိမိတို့ BOD အဖွဲ့ အနေဖြင့် အကြိမ်ကြိမ်ဆွေးနွေးပြီး သုံးသပ်ချက်များအရ အချက် (၃) ချက်ဖြင့် ဆောင်ရွက်သွားရန်စီစဉ်လျက်ရှိကြောင်း၊ ၄င်းတို့မှာ- (၁) MTSH ရှယ်ယာများအား သင့်တော်သည့်ဈေးရရှိပါက ဆက်လက်ရောင်းချသွားရန်၊ (၂) ဘဏ်ချေးငွေရရှိပါက အတိုးနှုန်းအသက်သာဆုံးဖြင့် ချေးယူရန်၊ (၃) Rights Issue ရှယ်ယာကိုလည်း ခေါ်ယူရန် စဉ်းစားထားပါကြောင်း၊ စသည်ဖြင့် ပြန်လည်ဖြေကြားသွားခဲ့ပါသည်။

အစီအစဉ် (၇) အရ - ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ဝင်များ နှုတ်ထွက်ခြင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအသစ်များရွေးချယ်ခန့်ထားခြင်းအား မဲစနစ်ဖြင့်ရွေးချယ်အတည်ပြုခြင်း၊ အစီအစဉ်တွင်-

အခမ်းအနားမှူး ဒေါ်ယုယုနိုင်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၈၆) အရ ဒါရိုက်တာအဖွဲ့၏ ၃ ပုံ ၁ ပုံ ဖြစ်သော အဖွဲ့ဝင် (၃) ဦး နှုတ်ထွက်မည် ဖြစ်ကြောင်း၊ နှုတ်ထွက်သော ဒါရိုက်တာများမှာ ဦးထင်အောင်နိုင်၊ ဦးဇော်မင်းဦး နှင့် ဦးထွန်းထွန်းနိုင် တို့ဖြစ်ကြောင်း၊ ၄င်း နှုတ်ထွက်သွားသော ဒါရိုက်တာအဖွဲ့ဝင်(၃) ဦးနှင့် ဒါရိုက်တာအဖြစ်အရွေးချယ်ခံရန် အဆိုပြုထားသူ(၅) ဦး၊ စုစုပေါင်း (၈) ဦးကို မဲစနစ်ဖြင့် ရွေးချယ်အတည်ပြုမည်ဖြစ်ပါကြောင်း၊ ဒါရိုက်တာအဖွဲ့ဝင်ရန် ရွေးချယ်ခံလိုသူများမှာ(၁) ဦးကျော်ဆန်းဦး ၊ (၂) ဦးဇော်မင်းဦး၊ (၃) ဒေါ်တင်တင်အေး၊ (၄) ဦးထွန်းထွန်းနိုင်၊ (၅) ဦးထင်အောင်နိုင်၊ (၆) ဦးဖြိုးဝေအောင်၊ (၇) ဒေါက်တာမျိုးနိုင်နှင့် (၈) ဦးမျိုးမင်းဦး တို့ဖြစ်ကြောင်း၊ မဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ရာတွင် ရုံးအဖွဲ့နှင့် အစုရှယ်ယာရှင်များမှ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

အစုရှယ်ယာရှင်များထဲမှ ဦးအောင်ကျော်မိုးမှ ဆန္ဒမဲရွေးချယ်ခြင်း၊ မဲစာရွက်ဖြည့်စွက်ခြင်းများနှင့် ပတ်သက်သည့် အချက်အလက်အချို့အား ရှင်းလင်းပြောကြားခြင်း၊ရွေးချယ်ခံမည့် အစုရှယ်ယာရှင်များမှ တစ်ဦးချင်းမိတ်ဆက်ခြင်း၊ တို့အားပြုလုပ်ကြပါသည်။ MTI Corporation ၏ အစုရှယ်ယာအရေအတွက်အရ မဲအစောင်ရေ (၃၁၂) စောင်ရှိပြီး၊ အစည်းအဝေးသို့တက် ရောက်လာသူများမှ မဲအရေအတွက် (၂၈၀) စောင် ထုတ်ယူခဲ့ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၉.၇% ရှိပြီး မဲပေးပြီးနောက် ပြန်လည်သိမ်းဆည်းရရှိသည့် မဲအရေအတွက်မှာ (၂၈၀) စောင်ဖြစ်ပါသည်။ မဲစာရွက်များအားလုံး ရေတွက်ပြီးနောက် တစ်ဦးချင်း၏ မဲရလဒ်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | အမည် | ရရှိသည့် မဲအရေအတွက် |
|---|---|---|
| ၁။ | ဦးကျော်ဆန်းဦး | ၁၄၀ |
| ၂။ | ဦးဇော်မင်းဦး | ၂၁၉ |
| ၃။ | ဒေါ်တင်တင်အေး | ၂၈ |
| ၄။ | ဦးထွန်းထွန်းနိုင် | ၂၀၃ |
| ၅။ | ဦးထင်အောင်ခိုင် | ၂၄၆ |
| ၆။ | ဦးဖြိုးဝေအောင် | ၃၈ |
| ၇။ | ဒေါက်တာမျိုးနိုင် | ၉၆ |
| ၈။ | ဦးမျိုးမင်းဦး | ၁၅၁ |

အထက်ပါ မဲ ရေတွက်မှုရလဒ်အရ ဦးထင်အောင်ခိုင်၊ ဦးဇော်မင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဦးမျိုးမင်းဦး တို့ (၄) ဦးမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဒါရိုက်တာများဖြစ်ကြပါသည်။ သို့ပါ၍ ယခင်နှစ် ဒါရိုက်တာများမှကျန်ရှိသော (၇) ဦးနှင့် ယခုနှစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဒါရိုက်တာ (၄) ဦး စုစုပေါင်း (၁၁) ဦးတို့၏ အောက်ဖော်ပြပါအမည်စာရင်းအား အတည်ပြုကြောင်း အခမ်းအနားမှူးမှ ကြေညာပါသည်။

(၁) ဦးထင်အောင်ခိုင် ဥက္ကဋ္ဌ

(၂) ဦးမင်းဇေယျာလှိုင် ဒု-ဥက္ကဋ္ဌ

(၃) ဦးအောင်စိုးသာ မန်နေဂျင်းဒါရိုက်တာ

(၄) ဦးသောင်းစုငြိမ်း ဒါရိုက်တာ

(၅) ဦးရှိန်းသူအောင် ဒါရိုက်တာ

(၆) ဦးမင်းဦး ဒါရိုက်တာ

(၇) ဦးအောင်အောင် ဒါရိုက်တာ

(၈) ဦးမျိုးမြင့်ထွန်း ဒါရိုက်တာ

(၉) ဦးဇော်မင်းဦး ဒါရိုက်တာ

(၁၀) ဦးထွန်းထွန်းနိုင် ဒါရိုက်တာ

(၁၁) ဦးမျိုးမင်းဦး ဒါရိုက်တာ

၎င်းနောက် ဒါရိုက်တာအဖွဲ့ဝင်များ အားလုံးမှတ်တမ်းတင်ဓါတ်ပုံရိုက်ကူးကြပါသည်။

**အစီအစဉ် (၈) အရ** - ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ဒါရိုက်တာအဖွဲ့ဝင်များအားလုံး၏ ကိုယ်စား ဒါရိုက်တာ တစ်ဦး ဖြစ်သည့် ဦးထင်အောင်နိုင်မှ အမှာစကားပြောကြားပါသည်။

**အစီအစဉ် (၉) အရ** - ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်း အစီအစဉ်တွင်၊ မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွက် " Win Thin & Associate" အား ပြင်ပစာရင်းစစ်အဖြစ်ရွေးချယ်ခန့်ထားရန် တက်ရောက်လာကြသော အစုရှယ်ယာရှင်များသို့ "သဘောတူပါသလား" ဟု အခမ်းအနားမှူး ဒေါ်ယုယုနိုင်မှ သုံးကြိမ်တိတိမေးမြန်းရာ တက်ရောက်လာကြသူများ အားလုံးမှ "သဘောတူပါသည်" ဟုသုံးကြိမ်တိတိပြန်လည်ဖြေကြားပြီး၊ ခန့်အပ်ကြောင်းအတည်ပြုကြေညာပါသည်။

**အစီအစဉ် (၁၀) အရ** - ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာပြီး အစည်းအဝေးကို ညနေ (၄း၀၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ

သူရ

Manager
MTI Corporation

Myanmar Technologies and Investment Corporation

အတည်ပြုသူ

ထင်အောင်နိုင်

Chairman
MTI Corporation